
ကာတွန်း ကျော်စံကေး

နှိပ်စက်၍

# ဦးပြောင်ရှင်း

မချိမဆံ့ခံစားရရှာသည့်

မောင်ရင်ပြောင် မမယ်မ



အချစ်ဆိုတာ...ပီကယ်လိုပါပဲကွယ်..

ပီကယ်ဆိုတာ..

ဗိုက်ဝတဲ့အခါမဟုတ်သလို..ဆားရတဲ့အခါလဲ မဟုတ်ပါဘူး

အာပြောင်းအောင်ဝါးနေရတဲ့..အရာမျိုးရယ်ပါ..၊

စတင်လို့..ဝါးခဲ့တုန်းကတော့...မွှေးတေးတေး...ချိုမြမြလေးရယ်ပေါ့၊

ဝါးရင်းဝါးရင်းနဲ့ပဲ...ရန့်ပြယ်...အချိုပျောက်ပြီး..

သုံးမရတော့တဲ့...သားရေဖတ်ကြီးလို...ဟိုကပ်သည်ကပ်နဲ့..

ဖတ်သလတ်လတ်ကြီး..ပြစ်ကျန်ခဲ့ရတယ်မဟုတ်လား...၊

အချစ်ဆိုတာလဲ..ဒီလိုပါပဲကွယ်...

ဟိုတစ်ချိန်..ချစ်ခဲ့စဉ်က..

အပြစ်ပွဲလို့...မမြင်အောင်..ရှင်ကြည်ချိုမြ..လှပမွှေးထုံခဲ့သမျှ..

ဝါးရင်းဝါးရင်းနဲ့ပဲ...(အဲ..အဲလေ..)

မလှမပနဲ့...တစ်ခန်းရပ်လို့..ဖတ်သလတ်လတ်ကြီး

ပြစ်ကျန်ခဲ့ရပြီပေါ့..

ခုချိန်ခါမှာတော့..



တစ်ခါတုန်းကပေါ့..
ပုန်တသောသောရွာကလေးက...လှပျိုချောလေးမောင်ရင်ပြောင်နဲ့..
အသဲနဲ့တဝင်းဝင်း....မြို့ကလေးက..အပျိုချောလေးမမယ်မတို့..
သဲနဲ့တရှပ်ရှပ်..လမ်းကလေးပေါ်မှာ..အဆင်ချောချာ..ခတင်လို့..
ဆုံဆည်းခဲ့ကြလေရဲ့..




ဪ... စုမှတွေ့သလား၊ ရှိပါစေဗျာ၊ ကျုပ်ဒုက္ခနဲ့.. ကျုပ်ဖို့.. စိတ်မကောင်း မဖြစ်ပါနဲ့...
လာကြောင်နေပြန်ပြီ ဦးမှာဖြင့်.. စိတ်ညစ်ရတဲ့အထဲ သွားရင်းလာရင်းကြီးနဲ့ ဒုက္ခပါပဲနော်..
ဪ... ဟာဒါကိုး ဦးအနီးအနားမှာလဲ.. အိမ်သာ မရှိဘူး...၊ မအောင့်နိုင်တော့ ရင်လဲ... ဟို.. ခြုံထဲသွား ပါလား...
အိုး... ဘာတွေလာပြော နေတာလဲ၊ ဦးမှာ.. ပြတ်သွား လို့ရှင်..
ဗျာ... ဘာပြတ် တာလဲ...၊ အမြီးလား အဲ... ဟုတ်ပါဘူး..


ဖိနပ်ရှင့်..ဖိနပ် ခိတ်ညှိလိုက်တာတော်..
ဪ...မရှင်း မရှင်းနဲ့ဟာ..ခုမှပဲ ရှင်းတော့တယ်
ရှင့်ကို...ရှင်းပြ နေရဦးမှာလား..ဒီမှာဖြင့် ခိတ်ညှိနေရတဲ့အထဲယ.. အိမ်ကိုဒီအတိုင်းလမ်း လျှောက်ပြန်ရတော့မှာ အဟင်း..
ဒီအတိုင်း...လမ်းလျှောက် မပြန်ချင်ရင်...ကာင်းမြီးကောက် ထောက်ပြီးပြောလေ၊ကြည့် ကောင်းမှာနော်..၊အဟီး..
ရှင်လျှောက် ပါလား..


ရှင်ချောက်...မပါ တော့ဘူး၊ ဝက်သားချေးကြီး လို့...ပြည်ကြီးပြန်သွား ပြီ...ဟီးဟီး
စိတ်ညစ်ရတဲ့အထဲ မကူညီမယ့်အပြင်..လော ကြောင်နေပြန်ပြီ..ဒုက္ခ ပါပဲတော်..
မဒုက္ခပါနဲ့ ကူညီပါ့မယ် ပေး..ဖိနပ်..
အို... ငဲ့ကြီးနေ ပါ့မယ်..
ငဲ့က..နောက်မှကြီး လောလောဆယ်...အခေါ်ကြီး ဖိနပ်စီးရဖို့က...အဓိက မဟုတ်တာ..
ဟုတ်ပါသတဲ့ ဘကြီးရယ်...


ဖိနပ်သဲကြိုး ပြတ်သွားတာ...ဘယ်လို ဆက်လို့ရမှာလဲ
မပူပါနဲ့.. ဒီမှာတွေ့ လား..
အို... ဘာပြုတာ လဲ...
ချိတ်လေး၊ ချိတ်ပါ ကျုပ်ဘောင်းဘီကချိတ်နဲ့ ဖိနပ်ကြိုးကို..တွယ်ပေး မယ်လေ...အပျိုး


ဒါဆို..ရှင့်ဘောင်းဘီ
ချောင်သွားမှာပေါ့၊ တော်ကြာ..
ကျွတ်ကျနေမှ..ဒုက္ခ၊ မြင်မကောင်း
ရှုမကောင်းဖြစ်ကုန်တော့
မှာပဲ...
မဖြစ်ပါဘူး..ဒီမှာ
အုန်းဆံကြိုးခါးပတ်ပါ
တယ်လေ၊ အဟဲ


ကဲ..ဒါဆိုလဲ..လုပ်ပါ
အချိန်မရှိဘူး...အိမ်က
စိတ်ပူနေတော့မှာ..


ဪ...
ကိုက်စားချင်စရာ
ကြီးပါလား၊ ဂလု
ရယ်တဲ့မှ...အို
ဘယ့်ဂလု...


ရှင်...ရှူ ရှူကောင်းပါ နော်...
ဗျာ... ဘာ...ဘာဖြစ် နေလို့တုန်း
ထိပ်ပြောင်နေလို့ အဲ..ဟုတ်ပါဘူး၊ ဟို... ဟို..ဖိနပ်ကြီးကိုက်စား မယ်ဆိုလို့ပါ၊ ချေးခိုက် များပေါက်နေသ လားလို့...
ကိန်
အာ...ဘယ်ကလာ ဦး...ခြေသလုံးဝင်းဝင်းလေး ကို...ပြောတာပါ..
ဘုရားရေ ကျွန်...ကျွန်မ ခြေသလုံး ကို...


ရှင်...ရှင်... စိတ်တော့ကောင်း ပါတယ်နော်..
သဘောကို..ပြော တာပါဗျာ၊ ဘယ်သူက တကယ်ကိုက်မှာလဲ အဟဲ...
ကဲ..ကဲ ဒါဆိုလည်း...မြန်မြန် လုပ်ရှင်..၊ ထမင်းပို့တာ ကြာလို့...အမေစိတ် ပူလှရောမယ်...
ဖြုတ်
ဟာ သွားပြီ၊
ဟင်... ဘာသွား တာလဲ..


အဆွဲလွန်ပြီး ခေါင်တစ်ခုလုံး ..ပြုတ် ထွက်သွားပြီ
ဟောတော့၊
သူ..အားကိုး ကာမှ..ဖိနပ်တစ် ခုလုံး..ပစ်လိုက် ရပြီ..
ကဲပါဗျာ.. ကျုပ်ဖိနပ်ပဲ စီးသွားတော့..
အိုး... ယောကျ်ားဖိနပ် အကြီးကြီးကို ဘယ်လိုစီး မှာလဲ
ကြီးတာသေးတာပဓါန မကျပါဘူး၊ စီးရဖို့သာအဓိက မဟုတ်လား၊ စီးသာစီးသွား...


ဒါဆိုလဲ..ကျေး
ဇူးပါပဲရှင်...သွား
မယ်နော်...အမေတို့
မျှော်နေတော့မှာ..
ကြော်...သွားရှာပြီ..လှုပ်
တုပ်လှုပ်တုပ်နဲ့၊ တို့ရင်ထဲမှာလဲ
လှုပ်တုပ်လှုပ်တုပ်ဖြစ်ကျန်ခဲ့ရ
ပါပြီ..မိန်းကလေးရယ်
အဲ..အဲ..ဘယ်မှာနေ
လို့၊ ဘယ်သူဆိုတာတောင်
ပြောမသွားပါလား..၊ ငါ့
မိနစ်လေးတော့
ဆုံးပါပြီ..၊